# ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

## ၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

## (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ အခန်း– ၁၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ – ၂၊ ပုဒ်မခွဲ (က) (ခ ) (ဂ) (ဃ) (င) (စ) ၏နောက်တွင် ပုဒ်မခွဲ (ဆ)အဖြစ် –

၂ (ဆ)။ "ပင်လုံဂုဏ်ရည်" ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ဆိုသည်မှာ ပုဒ်မခွဲ (င)နှင့် (စ)ဖော်ပြပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် စပ်လျဉ်းသည့် ကဏ္ဍတစ်ခုထက်ပိုမို၍ ထူးချွန်စွာ နှစ်စဉ် စဉ်ဆက်မပြတ် ရှမ်းပြည်နယ်၏အကျိုးကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်နေသူ၊ နိုင်ငံတော်မှ ဘွဲ့၊ ဂုဏ်ထူးဆောင်ဆု၊ နိုင်ငံတကာမှချီးမြှင့်

သော စွမ်းဆောင်မှုဆိုင်ရာဆု၊ အသက်နှင့် ခန္ဓာကိုယ် အစိတ်အပိုင်းကိုပင်စွန့်၍ ကိုယ်ကျိုး မဖက် ကြိုးပမ်းဆောင်ရွက်မှုပြုသူကို အစိုးရအဖွဲ့ က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းအဖြစ် ချီးမြှင့်သည့် ဆုပစ္စည်းတံဆိပ်ကို ဆိုသည်။

ဟူ၍ ဖြည့်စွက်ရမည်။ မူလပုဒ်မ – ၂၊ ပုဒ်မခွဲ (ဆ)၏ စိစစ်ရေး ကော်မတီအား ပုဒ်မခွဲ(ဇ)အဖြစ် ပြင်ဆင်သတ်မှတ်ရမည်။

၃။ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆု ပစ္စည်းချီးမြှင့်ခြင်းဆိုင်ရာဥပဒေ အခန်း (၃)၊ ပုဒ်မ ၁၃၏ နောက်တွင် ပုဒ်မ ၁၃–က နှင့် ပုဒ်မ ၁၃–ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက် ရမည် –

"၁၃–က။ အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အဖက်ဖက် က စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက် ပြီး အောက်ပါအရည်အချင်း တစ်ရပ်ရပ်နှင့် ပြည့်စုံ သူ မည်သူကိုမဆို ရှမ်းပြည်နယ်၏ အထူးဂုဏ်ထူး ဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း အဖြစ် "ပင်လုံ ဂုဏ်ရည်ဆု"ကို ချီးမြှင့်နိုင်သည်–

(က) နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင် ဘွဲ့ သို့မဟုတ် ဆုတံဆိပ်တစ်မျိုးမျိုးရရှိသူ၊

( ခ) နိုင်ငံတကာက ချီးမြှင့်သော စွမ်းဆောင်ရည်ဆိုင်ရာ ဆုတစ်မျိုးမျိုးရရှိသူ၊

( ဂ) မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ၊

(ဃ) ဥပဒေ၏ ပုဒ်မ ၄ မှ ၁၀ အထိ ဖော်ပြပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်း တစ်မျိုးမျိုးအတွက် သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူ။

၁၃-ခ။ အစိုးရအဖွဲ့သည် ပင်လုံဂုဏ်ရည်ဆု ချီးမြှင့်ရာတွင် ဆုတံဆိပ်၏ ပုံသဏ္ဍာန်၊ အရွယ်အစားနှင့် တန်ဘိုးပမာဏကို သတ်မှတ်နိုင်သည်။”

၄။ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၇ ၏ အောက်တွင် ပုဒ်မ ၁၇-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၁၇-က။ ရှမ်းပြည်နယ်၏ အထူးဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းအဖြစ် "ပင်လုံဂုဏ်ရည်ဆု" ချီးမြှင့်နိုင်ရေးအတွက် စိစစ်ထောက်ခံ တင်ပြခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးက လည်းကောင်း၊ တပ်မတော်သားများဖြစ်ပါက သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်တိုင်းမှူးက လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ပြည်နယ်လူမှုရေးဝန်ကြီးကလည်းကောင်း သတ်မှတ်ပုံစံ(၄) တွင် ဖြည့်စွက်၍ ထောက်ခံတင်ပြရမည်။

( ခ) စိစစ်ရေးကော်မတီသည် အထက်ပုဒ်မခွဲ (က)အရ တင်ပြချက်များကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြရမည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

နောက်ဆက်တွဲပုံစံ – ၄

## ရှမ်းပြည်နယ်၏ အထူးဂုဏ်ထူးဆောင်လက်မှတ်အဖြစ် ပင်လုံဂုဏ်ရည်ဆု ချီးမြှင့်အပ်နှင်းရန် စိစစ်ထောက်ခံချက်ပုံစံ

၁။ (က) အမည် ……………………..

( ခ) အဘအမည် ……………………..

( ဂ) အသက်/မွေးသက္ကရာဇ် ……………………..

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ……………………..
ကိုယ်ပိုင်အမှတ်/ သာသနာ၀င်အမှတ် ……………………...

( င) ရာထူး/အဆင့်/တာ၀န် ……………………..

( စ) လုပ်ငန်း/ဌာန ……………………..

……………………..

(ဆ) နေရပ်လိပ်စာ ……………………..

……………………..

၂။ ပင်လုံဂုဏ်ရည်ဆု ချီးမြှင့်အပ်နှင်းရန် ထောက်ခံခြင်းအတွက် ကျိုးကြောင်းဖော်ပြချက် (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲတင်ပြနိုင်သည် )

ထောက်ခံတင်ပြသူ

အမည်၊ ……………………..

ရာထူး၊ ……………………..

ဌာန၊ ……………………..

ရက်စွဲ၊ ၂၀…. ခုနှစ်၊ …………..… လ….. ရက်။

၃။ စိစစ်ရေးကော်မတီ၏သဘောထားမှတ်ချက်

ဥက္ကဋ္ဌ
စိစစ်ရေးကော်မတီ

ရက်စွဲ၊ ၂၀.... ခုနှစ်၊ .............. လ..... ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်လွှတ်တော်

တောင်ကြီးမြို့

# ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁ ။ )

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။

၂၀၂၀ ပြည့်နှစ်